EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၄)၊ အမှတ်-၁၀၁ ဇွန် ၂၃ ရက်၊ ၂၀၂၀

## ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကို စွပ်စွဲပြစ်တင်သည့်အဆို ရှုံးနိမ့်

ဇွန် ၁၉၊ ၂၀၂၀

ဇွန်လ ၁၈ ရက်က ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေးတွင် ကိုကိုးကျွန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးတင်ဝင်းအပါအဝင် ကိုယ်စားလှယ် ၃၂ ဦးက တင်သွင်းခဲ့သည့် ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကို စွပ်စွဲပြစ်တင်သည့်အဆိုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့ ၏ တွေ့ရှိချက်အားတင်ပြပြီးနောက် စက်ခလုတ်နှိပ် မဲခွဲဆုံးဖြတ်ခဲ့ရာ ထောက်ခံသူဦးရေ သတ်မှတ်အရေအတွက်မပြည့်၍ ရှုံးနိမ့်ခဲ့သည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးတင်ဝင်းအပါအဝင် ၃၂ ဦး၏ စွပ်စွဲမှုတွင် အတည်ပြုပြီးဖြစ်သည့် ရန်ကုန်မြို့သစ်စီမံကိန်းကိုဖျက်သိမ်း၍ အသစ်ပြန်လည်အကောင်အထည်ဖော်ရာ၌ လွှတ်တော်သို့ တင်ပြမှုမရှိခြင်း၊ City Bank ၌ ရင်းနှီးမြှုပ်နှံရန် တောင်းခံထားသော ကျပ် ၆၄ ဘီလီယံအနက်မှ ကျပ် ၁၀ ဘီလီယံကို NYDC ထုတ်ထောင်ခြင်းတို့ ပါဝင်သည်။ ကျောင်းကားဝယ်ယူသည့်ကိစ္စ၊ အစိုးရရင်းနှီးမြှုပ်နှံမှုပါဝင်သည့် အများပိုင်ကုမ္ပဏီအနေဖြင့် ဘဏ်များမှ ငွေကြေးချေးယူခဲ့ခြင်းကိစ္စရပ်များအပါအဝင် လှိုင်သာယာမြို့နယ်နှင့် ဗိုလ်တထောင်မြို့နယ်တွင် ကိုဗစ် ကာလအတွင်း လူစုလူဝေးပြုလုပ်ခဲ့ခြင်းစသည့် အချက်များကိုလည်း စွပ်စွဲချက်တွင် ထည့်ထားသည်။

စွပ်စွဲပြစ်တင်မှုများနှင့် ပတ်သက်၍ ရန်ကုန်မြို့သစ်စီမံကိန်းသည် ဖျက်သိမ်းခြင်းမရှိဘဲ လွှတ်တော်၏အတည်ပြုချက်ဖြင့် ဆက်လက်လုပ်ဆောင်နေကြောင်း၊ စာရင်းစစ်ချုပ်အစီရင်ခံစာ လွဲမှားဖော်ပြထားခြင်း၊ ပြည်သူ့ဘဏ္ဍာများဖြုန်းတီးနေမှု မရှိခြင်း၊



လွှတ်တော်အစည်းအဝေးတွင် တွေ့ရသည့် ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း။
(ဓာတ်ပုံ - Yangon Hluttaw)

အများပိုင်ကုမ္ပဏီတွင် အစိုးရက အစုရှယ်ယာပိုင်ဆိုင်သည့်အတွက် လွှတ်တော်အတည်ပြုချက်မလိုအပ်ခြင်းတို့ကို ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ချေပချက်ပြန်လည်တင်ပြခဲ့သည်။

လူစုလူဝေးပြုလုပ်သည်ဟူသော စွပ်စွဲချက်နှင့်ပတ်သက်၍ ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက ၎င်းအနေဖြင့် စည်းကမ်းချက်များကို လိုက်နာခဲ့သော်လည်း ပြည်သူလူထု၏ လာရောက်စုဝေးမှုကြောင့် ဖြစ်ခဲ့ရသည်ဆိုသည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့က စွပ်စွဲပြစ်တင်ချက်များမှာ မှန်ကန်မှုမရှိကြောင်း လွှတ်တော်သို့တင်ပြခဲ့ပြီး ယင်းအဆိုနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားဆန္ဒမဲရယူခဲ့သည်။

စက်ခလုတ်နှိပ်၍ ဆန္ဒမဲပေးခဲ့ရာတွင် မဲပေးခွင့်ရှိသူ ၁၁၇ ဦး အနက် မဲပေးသူ ၁၀၂ ဦး ရှိခဲ့ကာ အဆိုအားထောက်ခံသူ ၂၅ ဦး၊ ကန့်ကွက်သူ ၇၇ ဦး ရှိခဲ့သည်။ ထို့ကြောင့် အဆိုထောက်ခံသူဦးရေမှာ လွှတ်တော်ကိုယ်စားလှယ်ဦးရေ၏ သုံးပုံနှစ်ပုံမပြည့်သည့်အတွက် စွပ်စွဲပြစ်တင်မှုမှာ မမှန်ကန်ကြောင်း ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌကကြေညာသည်။ အဆိုအား လက်မှတ်ရေးထိုးထားသည့် ကိုယ်စားလှယ် ၃၂ ဦးရှိသည့်အနက် ၂၅ ဦးသာ ထောက်ခံမဲပေးခဲ့သည်။ ယင်းနေ့တွင် တပ်မတော်သားကိုယ်စားလှယ်နှစ်ဦးမှာ လွှတ်တော်အစည်းအဝေးတက်ရောက်ခြင်းမရှိဘဲ ခွင့်ယူထား၍ လွှတ်တော်တက်ရောက်ပြီး ထောက်ခံမဲပေးရန် ပျက်ကွက်သူငါးဦးရှိခဲ့သည်။

ထို့အပြင် ဒီချုပ်ပါတီမှ လွှတ်တော်ကိုယ်စားလှယ် ၇၇ ဦးက အဆိုအား ကန့်ကွက်ဆန္ဒမဲပေးခဲ့၍ မဲပေးရန် ပျက်ကွက်သူ ၁၀ ဦး ရှိခဲ့သည်။ လွှတ်တော်တွင် တင်သွင်းခဲ့သည့် အဆိုရှုံးနိမ့်ခဲ့သည့်အပေါ် ထွေထွေထူးထူး ပြောစရာမရှိသော်လည်း စုံစမ်းစစ်ဆေးသည့်အဖွဲ့တွင် ဒီချုပ်ပါတီမှ ကိုယ်စားလှယ်များသာ ပါဝင်နေခြင်းမှာ မေးခွန်းထုတ်စရာဖြစ်နေသည်ဟု ဝန်ကြီးချုပ်ကို စွပ်စွဲပြစ်တင်သည့်အဆိုတင်သွင်းရာတွင် ပါဝင်လက်မှတ်ရေး ထိုးခဲ့သည့် ဦးကျော်ဇေယျက ဆိုသည်။

ယင်းအဆိုနှင့်ပတ်သက်၍ လွှတ်တော်တွင် စွပ်စွဲပြစ်တင်ခံရသူ ဝန်ကြီးချုပ်တစ်ဦးတည်းကိုသာမေးမြန်းပြီး စွပ်စွဲသူကိုလည်း ပြန်လည်မေးမြန်းရမည်ဖြစ်ကြောင်း ၎င်းမှ တင်ပြရန် ခွင့်တောင်းသော်လည်း လွှတ်တော်ဥက္ကဋ္ဌက ခွင့်မပြုခဲ့ကြောင်း အဆိုတင်သွင်းသူ ပြည်ခိုင်ဖြိုးပါတီဝင် ဦးတင်ဝင်းကဆိုသည်။

(ကိုးကား-https://7day.news)

EMReF Enlightened Myanmar Research Foundation

# စစ်ကိုင်းတိုင်းတွင် မြေကေ တစ်သိန်းရှစ်သောင်းကျော်၌ ရွှေနှင့်သတ္တုစူးစမ်းရှာဖွေခွင့်ရရှိမှု တိုင်းအစိုးရအဖွဲ့နှင့် တိုင်းလွှတ်တော်ကိုယ်စားလှယ်များ အသေးစိတ်မသိရှိရ

**ဇွန် ၅ ၊ ၂၀၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသို၊ ပင်လည်ဘူးနှင့် ဗန်းမောက်မြို့နယ်များတွင် တရုတ်ပိုင် ဩစတြေးလျအခြေစိုက် PanAust ကုမ္ပဏီက မြေကေ တစ်သိန်းရှစ်သောင်းကျော်၌ ရွှေနှင့်သတ္တုစူးစမ်းရှာဖွေခွင့်ရရှိမှုနှင့်ပတ်သက်ပြီး တိုင်းအစိုးရအဖွဲ့နှင့် တိုင်းလွှတ်တော်ကိုယ်စားလှယ်များ အသေးစိတ်မသိရှိရကြောင်း တိုင်းအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် လွှတ်တော်ကိုယ်စားလှယ်၏ ပြောကြားချက်အရ သိရသည်။

ဝန်းသို (၃) ဟု အမည်ရသည့် အဆိုပါဒေသတွင် PanAust သတ္တုစူးစမ်းရှာဖွေခွင့်အား ၂၀၂၀ ပြည့်နှစ် မေ ၂၇ ရက်တွင် နေပြည်တော်၌ အစိုးရက ပေးခဲ့ခြင်းဖြစ်သည်။

ယင်းသို့ပေးအပ်ခွင့်မပြုမီတွင် ပြည်ထောင်စုအစိုးရအဖွဲ့က စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ သဘောထားတောင်းခံခဲ့ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့က သက်ဆိုင်ရာအဖွဲ့များနှင့် ကွင်းဆင်းစစ်ဆေးကာ ကန့်ကွက်ရန်မရှိဟု သဘောထားမှတ်ချက်ပေးခဲ့ကြောင်း၊ ယခုစမ်းသပ်လုပ်ကွက်များမှာ အကြီးစားလုပ်ကွက်များတွင် ပါဝင်သဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့်သာ သက်ဆိုင်ကြောင်း၊ ကုမ္ပဏီမှလူများကို မြင်ဖူးခြင်းတောင်မရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးလာလ်ထောင်ထန်းက ပြောကြားသည်။

ယင်းသို့လုပ်ကိုင်ခွင့်ပြုခဲ့သဖြင့် တိုင်းအစိုးရအဖွဲ့အနေဖြင့် မြေငှားရမ်းခအဖြစ် တစ်ဧကလျှင် ကျပ်ငါးသောင်းခန့်သာရရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။


ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုမိန့်ချပေးခဲ့သည့် ကုမ္ပဏီ၏အမည်မှာ PanAust အမည်ဖြင့်ဖြစ်ပြီး ဝန်းသိုမြို့နယ်တွင် လာရောက်လုပ်ကိုင်နေသည့် ကုမ္ပဏီ၏အမည်မှာ Wuntho Resources ကုမ္ပဏီသာဖြစ်ကြောင်း၊ ယင်းကုမ္ပဏီနှစ်ခု မည်သို့ဆက်စပ်မှုရှိသည်ကို မသိရှိသကဲ့သို့ လုပ်ကိုင်နေသည့် အခြေအနေများနှင့် ပတ်သက်ပြီးလည်း ဒေသခံလွှတ်တော်ကိုယ်စားလှယ်များလည်း သိရှိခြင်းမရှိကြောင်း ဝန်းသိုမြို့နယ် မဲဆန္ဒနယ်မြေအမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းဦးက ပြောကြားသည်။

"PanAust ကုမ္ပဏီကိုတော့ ပြည်ထောင်စုကနေ ခွင့်ပြုအမိန့်ကျတယ်။ ဒါပေမယ့် ကျွန်တော်တို့ ဝန်းသိုမြို့နယ်မှာလာပြီးတော့ အမည်ခံပြီးလုပ်တာက Wuntho Resources ကုမ္ပဏီပါ။ ဒီကုမ္ပဏီထဲမှာ ဒေသခံတွေပါသလားဆိုတော့ လက်ရှိအနေအထားမှာ ဒေသခံတွေ မပါသေးဘူး။ နိုင်ငံခြားသားတွေနဲ့လာပြီးတော့မှ ရှာဖွေစမ်းသပ်တဲ့ကိစ္စတွေလုပ်နေတယ်လို့ပဲ သိရတယ်"ဟု ဝန်းသိုမြို့နယ် မဲဆန္ဒနယ်မြေအမှတ် (၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းဦးက ပြောကြားသည်။

စီမံကိန်းမှာ မည်သည့်စီမံကိန်းဖြစ်သည်၊ မည်သည့်လုပ်ငန်းများကို လုပ်ကိုင်မည်ဆိုသည်ကို ဒေသခံလွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံများကို ရှင်းရှင်းလင်းလင်း ပြောကြားရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ထိထိရောက်ရောက် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ဦးဇော်လင်းဦးက ပြောကြားသည်။

"ဒီစီမံကိန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဒေသခံလွှတ်တော်ကိုယ်စားလှယ်တွေကို လာပြီးတော့ရှင်းပြတာလည်း မရှိဘူး။ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဒါနဲ့ပတ်သက်လို့ ထိထိရောက်ရောက် ကိုင်တွယ်ဆောင်ရွက်ဖို့တော့ လိုပါတယ်။ ကျွန်တော်တို့ ဖြစ်စေချင်တာကတော့ စီမံကိန်းတစ်ခုခုကို ခွင့်ပြုပြီဆိုရင် ဒေသခံလွှတ်တော်စားလှယ်တွေနဲ့ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတွေကို စီမံကိန်းနဲ့ပတ်သက်တဲ့အကြောင်းအရာတွေကို လာပြီးတော့မှ ရှင်းပြပေးစေချင်ပါတယ်"ဟု လွှတ်တော်ကိုယ်စားလှယ်ဦးဇော်လင်းဦးက ပြောသည်။

**(ကိုးကား-https://news-eleven.com)**



**ဝန်းသို (၃) ဧရိယာတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပင်လည်ဘူးမြို့နှင့် ဝန်းသိုမြို့အစပ်ကြားရှိ မှန်ကင်းတောင်ကို တွေ့ရစဉ်။**

# ရေဝတီတိုင်းလွှတ်တော်သည် အစိုးရအဖွဲ့အား ထိန်းကျောင်းရမည့်တာဝန် ပျက်ကွက်နေသည်ဟု ဝါးခယ်မလွှတ်တော်ကိုယ်စားလှယ် ဝေဖန်

ဇွန် ၂၁၊ ၂၀၂၀

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့အား ထိန်းကျောင်းရမည့်တာဝန်များ ပျက်ကွက်နေပြီး အစိုးရအဖွဲ့မှ လွှတ်တော်အတွင်း မေးခွန်းများကို ဖြေကြားချက်များမှာ မေးခွန်းတခြားအဖြေတခြားဖြစ်နေကြောင်း တိုင်းလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စန်း (ဝါးခယ်မ-၂) က ဝေဖန်ခဲ့သည်။

ဒုတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ၁၃ ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့တွင် ဒေါ်မြင့်မြင့်စန်းက လွှတ်တော်အတွင်းမေးခွန်းများ မေးမြန်းရာ၌ သက်သေများဖြင့် တင်ပြရေး လွှတ်တော်သို့ပန်ကြားရာတွင် ဥက္ကဋ္ဌမှတားမြစ်ခဲ့ပြီးနောက် တိုင်းဒေသကြီးလွှတ်တော်မှာ အစိုးရအဖွဲ့အား ထိန်းကျောင်းရမည့် တာဝန်များကို ပျက်ကွက်နေကြောင်း၊ အစိုးရအဖွဲ့မှ လွှတ်တော်သို့ ပေးထားသည့်ကတိကဝတ်များကိုအကောင်အထည်ဆောင်ရွက်ရေး အတွက် တိုက်တွန်းမှုများ နည်းပါးနေကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏မေးခွန်းများကို အစိုးရအဖွဲ့မှ ဖြေကြားရာတွင်လည်း မေးခွန်းတခြားအဖြေတခြား ဖြစ်ပေါ်နေကြောင်း၊ ကိုယ်စားလှယ်များ၏မေးခွန်းများကိုလည်း ပြင်ဆင်ဖြတ်တောက်ခြင်း၊ ပယ်ချခြင်းများ ပြု လုပ်နေကြောင်း ဝေဖန်ခဲ့ခြင်းဖြစ် သည်။

"မေးခွန်းတွေဖြေတဲ့အခါမှာ အမေးတခြား အဖြေတခြားဖြစ်နေတယ်။ ဒါကတော့ အောက်ခြေကရေးပြတာကို ဖတ်ပြနေတာ၊ ဒါကတော့ ဥပဒေကိုပဲဖတ်ပြနေတာ၊ တကယ့်မြေပြင်အခြေအနေနဲ့ တိုက်ဆိုင်စစ်ဆေးပြီးတော့ အရေးယူဖို့လိုအပ်တယ် (စသည်) သုံးသပ်ချက် ဆုံးဖြတ်ချက် မပေးသင့်ဘူးလား။ မေးခွန်းတွေ အဆိုတွေနဲ့ပတ်သက်ပြီးတော့ စာသားတွေပြင်တာ စာသားတွေဖျက်တာ ပယ်ဖျက်တာ ဆိုင်းငံ့တာ ဒီဟာတော့ ဖြစ်သင့်တယ်။ ဒါကတော့ မဖြစ်သင့်ဘူးဆိုတဲ့ သုံးသပ်ချက် ဆုံးဖြတ်ချက် မပေးသင့်ဘူးလား။ နောက် ပေးထားတဲ့ ကတိတွေ အစိုးရကလုပ်ပေးရမယ့်ကတိတွေဟာ နှောင့်နှေးနေတယ်။ ဒါကို မြန်မြန်လုပ်ဖို့ မတိုက်တွန်းဘူးလား၊ ဒါ့ကြောင့် ဒီဟာသည် လွှတ်တော်က အစိုးရကိုထိန်းကျောင်းရမယ့် တာဝန်သည်လည်း ပျက်ကွက်တယ် ဒီလိုပဲ အန်တီကပြောပါမယ်။ တင်ပြတာကို နားထောင်ရမယ် ဒါကမဖြစ်သင့်ဘူးဆိုရင် ဖျက်ရင်ဖျက်လိုက် ဒါပေမဲ့ အန်တီအာမခံထားပြီးသား အဆုံးထိတင်ပြခွင့်ပြုပါ၊ ကြိုက်တဲ့ပုဒ်မနဲ့ အရေးယူပါလို့ ပြောထားပြီးသား။ သူတို့ နားမထောင်သင့်ဘူးလား။ ဒီဥက္ကဋ္ဌသည် နောင်တစ်ချိန်မှာ လွှတ်တော်ဥက္ကဋ္ဌနေရာ မထိုက်တန်ဘူးလို့ အန်တီပြောရဲတယ်။ ဒီအစိုးရသည်လည်း ထိုက်တန်ရဲ့လားဆိုတာ လေ့လာကြရမယ်"ဟု ၎င်းက ပြောသည်။

**(ကိုးကား-https://news-eleven.com)**

# မိန်ဗလာတောင်ဖြစ်စဉ် မွန်ပြည်နယ်အစိုးရ တာဝန်ယူဖြေရှင်းသင့်ဟုဆို

ဇွန် ၁၉၊ ၂၀၂၀

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ဝဲကဝါ ကျေးရွာအုပ်စုအတွင်းရှိ ဒုတိယကမ္ဘာစစ်ကာလက ဂျပန်စစ်စခန်းအဖြစ် အသုံးပြုခဲ့သည့် မိန်ဗလာတောင် တူးဖော်ထားသည့်နေရာတွင် မိန်းကလေးသုံးဦးနှင့် အမျိုးသမီးကြီးတစ်ဦး ရေနစ်သေသေဆုံးမှုနှင့် ပတ်သက်ပြီး မွန်ပြည်နယ်အစိုးရအနေနှင့် တာဝန်ယူဖြေရှင်းသင့်ကြောင်း မွန်ပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌဒေါက်တာအောင်နိုင်ဦးက ပြောဆိုလိုက်သည်။

မိန်ဗလာတောင် တူးဖော်ထားမှုနှင့် ပတ်သက်ပြီး မြေပြင်တွင် ဆောင်ရွက်ထားရှိမှုများအား မူလအတိုင်းဖြစ်အောင် ပြန်လည်ဆောင်ရွက်ရန်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုအတွက် သစ်ပင်များပြန်လည်စိုက်ပျိုးသွားရန် မွန်ပြည်နယ်အစိုးရအဖွဲ့က ကုမ္ပဏီကို အကြောင်းကြားခဲ့ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ ဆောက်လုပ်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးမင်းကျော်လွင်က ဖေဖော်ဝါရီလအတွင်းက ကျင်းပခဲ့သည့် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်း အဝေးတွင် ပြောဆိုထားခဲ့သော်လည်း အမှန်တကယ် မြေပြင်တွင် တူးဖော်ထားသည့်အတိုင်း ပစ်ထားသည့်အတွက် ယခုအခါ လူလေးဦးသေဆုံးရသည်ထိ အန္တရာယ်ရှိနေရာတစ်ခု ဖြစ်လာသည်။

"အမှန်တကယ်က အစိုးရအဖွဲ့က လွှတ်တော်မှာ ဖြေကြားထားတဲ့အတိုင်း ကနဦးစမ်းစစ်မှု အဖြေရလဒ်ကောင်းမပေါ်ရင် မူလအနေအထားအတိုင်း ပြန်ထားရှိဖို့ဆိုတဲ့ဟာ တကယ်တမ်းလက်တွေ့မှာ မဖြစ်ဘူး၊ ဒီအတိုင်း ချိုင့်တွေ ခွက်တွေ ဒီအတိုင်းရှိနေတယ်၊ တချို့နေရာမှာဆိုရင် မြေပြိုမှာကို စိတ်ပူရတယ်၊ ဒီအတိုင်းဆက်ထားရင်တော့ အန္တရာယ်တော့ ဆက်ရှိနေမှာပဲဆိုတော့ တာဝန်ယူမှု တာဝန်ခံမှုအရ ဒါအစိုးရမှာ တာဝန်ရှိတယ်လို့ ကျွန်တော်တို့က ယူဆတယ်၊ သူတို့အနေနဲ့ လွှတ်တော်မှာ ဖြေကြားပြီးကတည်းကိုက တစ်ခါတည်းဖုံးပြီးတော့ မြေတွေ ပကတိအတိုင်းထားရင်တော့ အခုလို အမျိုးသမီးလေးယောက် သေစရာအကြောင်း ကိုမရှိဘူး၊ အခုကတော့ တော်တော်စိတ်မကောင်းစရာပါ၊ အစိုးရအနေနဲ့ တာဝန်ယူပြီးတော့ ဖြေရှင်းသင့်တယ်လို့ ယူဆတယ်" ဟု မွန်ပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးက ဆိုသည်။

အဆိုပါ မြေတူးဖော်ထားသည့်နေရာသို့ ဇွန်လ ၁၈ ရက်နေ့ကကွင်းဆင်းကြည့်ရှုခဲ့ပြီး တွေ့ရှိချက် အကြံပြုချက်နှင့် ယူဆချက်တို့ကို မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိထံ တင်ပြပြီးဖြစ်ကြောင်း ၎င်းကပြောသည်။

ရဲကြေးနန်းစာတွင် ရေတွင်းပျက်အတွင်း၌ သေဆုံးလျက်တွေ့ရှိရဟု ဖော်ပြထားမှုသည် ကွဲလွဲနေကြောင်း မွန်ပြည်နယ်လွှတ်တော်ဒုဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးက ထောက်ပြခဲ့သည်။

**(ကိုးကား-Southern Myanmar News)**